**Statistical Methods နှင့် Econometrics ဘာသာရပ်များကို သင်ကြားပို့ချမည့် Knowledge Sharing ဌာနတွင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ**

Statistical Methods နှင့် Econometrics ဘာသာရပ်များကို သင်ကြားပို့ချမည့် Knowledge Sharing ဌာနတွင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၅-၉-၂၀၂၃ ရက်နေ့ နေ့လယ် (၁:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ စက်တင်ဘာလ ၂၇ ရက်နေ့အထိ ရက်သတ္တပတ် (၁) ပတ်လျှင် (၂) ရက်ဖြင့် အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ရုံးအမှတ်(၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် အခြေခံစာရင်းအင်းပညာရပ်များနှင့် အခြေခံ Econometrics နည်းလမ်းများကို စာတွေ့/ လက်တွေ့သိရှိနားလည်ပြီး လက်တွေ့အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Statistical Methods - Concepts of Hypothesis Testing, Hypothesis Testing Process, Hypothesis Tests for the Mean, Tests of the Mean of a Normal Population နှင့် Econometrics - Steps in Empirical Economic Analysis, Structure of Economic Data, Simple regression Model (Ordinary Least Square-OLS), Multiple Linear Regression (MLR) စသည့်တို့ကို သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ အရာထမ်း၊ အမှုထမ်းစုစုပေါင်း(၁၇)ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။